The Swedish Buddhist Community

www.sverigebuddhister.se

5th February 2020

# ဗုဒ္ဓဘာသာဝင်အပေါင်းတို့အားပန်ကြားလွှာ

ဤပန်ကြားလွှာကို မိမိတို့သက်ဆိုင်ရာ ဘာသာစကားဖြင့် မိမိတို့၏အသိမိတ်ဆွေများ၊ စိတ်ပါဝင်စားသူများ နှင့် အဖွဲ့အစည်းများအား လက်ဆင့်ကမ်းဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အကယ်၍ ယခုပန်ကြားလွှာ နှင့် ပတ်သက်ပြီး သင့်အား သတင်းမီဒီယာများကဆက်သွယ် လာပါက ၎င်းတို့အား ဆွီဒင် ဗုဒ္ဓဘာသာအသင်း (SBG) ဥက္ကဋ္ဌ Trudy Fredriksson အား တိုက်ရိုက် ဆက်သွယ်ပါရန် အကြံပြုပါသည်။

လွန်ခဲ့သော နှစ်များမှစ၍ ဆွီဒင်နိုင်ငံရှိ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများကို အကောက်အခွန်ပုံစံအသစ် စည်းကြပ်ရန် ဆွီဒင်အကောက်ခွန်ဦးစီးဌာနမှ စတင်တောင်းဆို ဆောင်ရွက်လာပါသည်။ ထိုတောင်းဆိုချက်များ မှာ ယခင်အကောက်ခွန်ဌာနမှ ပြောကြားထားသည်နှင့် ကွဲလွဲနေပြီး၊ ခရစ်ယာန် ဘုရားကျောင်းများအား ကိုင်တွယ်ပုံနှင့် ကွဲပြားခြားနားနေသောကြောင့် ဆွီဒင်နိုင်ငံရှိ ဗုဒ္ဓဘာသာဝင်အားအလုံးအတွက် ပြဿနာတစ်ရပ် ဟု မိမိတို့ယူဆပါသည်။ ထိုကိစ္စသည် ယခုလောလောဆယ်တွင် တရားခွင် သို့ရောက်ရှိနေပြီး Östersund ရှိ Wat Pha Sokjai ဘုန်းတော်ကြီးကျောင်းအား အခွန်စည်းကြပ်ရန် အကောက်ခွန်ဌာနမှ ဆောင်ရွက်နေပါသည်။ ၎င်းတို့ ပုံဖော်ထားသော ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း များရှိဆောင်ရွက်ချက်များ မှာ ပကတိအမှန်တရား နှင့်ကင်းကွာနေပါသည်။ ထိုမမှန်ကန်သော ပုံဖော်ချက်များကိုအသုံးပြုပြီး ဘုန်းတော်ကြီးကျောင်းတည်ဆောက် ရာတွင် ကြိုးစားပါဝင်ခဲ့ကြသော သာမန်အလှူရှင်များအပေါ်တွင်လည်း အခွန်စည်းကြပ်ရန် ဆောင်ရွက်နေ ပါသည်။ အဆိုပါ ဘုန်းတော်ကြီးကျောင်းသည်လည်း အခွန်ကိစ္စဖိအားများကြောင့် ရပ်တည်ရန်အခက်အခဲနှင့် ကြုံတွေ့နေရပါသည်။ အဆိုပါဒေသရှိ ဗုဒ္ဓဘာသာမိသားစုများအပေါ် ငွေရေးကြေးရေး ဝန်ထုပ်ဝန်ပိုးဖြစ်မည်စိုး၍ ရဟန်းတော်များသည် ထိုဘုန်းတော်ကြီးကျောင်းမှ စွန့်ခွာခဲ့ကြရပါသည်။

ထိုဘုန်းတော်ကြီးကျောင်း ရပ်တည်နိုင်ရေးအတွက် မိမိတို့တတ်စွမ်းသမျှ ကူညီဆောင်ရွက်လျက်ရှိပြီး တရားခွင် တွင် တောင်းဆိုထားသော အခွန်မှာမမျှတကြောင်း အတတ်နိုင်ဆုံး ရှင်းလင်းတင်ပြ ဆောင်ရွက်ခဲ့ပါသည်။ အကောက်ခွန်ဦးစီးဌာန အနေဖြင့် ၎င်းတို့အမှားများကို သိရှိပြီး ပြောင်းလဲသွားမည်ဟု မျှော်လင့်ခဲ့သော်လည်း ယခုအခါ ၎င်းတို့၏အဖြေမှာ ဆက်လက်အခွန်ကောက်စည်းကြပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။

ထိုအခွန်ကိစ္စအား ဖြေရှင်းရန်အချိန်သိပ်မကျန်ရှိတော့ပါ။ အကယ်၍ ထိုအမှုကိစ္စတွင် မိမိတို့ရှုံးနိမ့်ပါက တစ်နိုင်ငံလုံးရှိ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများအပေါ်တွင်လည်း အလားတူပြဿနာ ကျရောက်လာမည်ဖြစ်ပါသည်။ ဤအခွန်ဥပဒေသစ်သည် ဆွီဒင်နိုင်ငံရှိ ဘုန်းတော်ကြီးကျောင်းများကို ပျောက်ကွယ်သွားစေမည် ဖြစ်သောကြောင့် ဆွီဒင်နိုင်ငံတွင် ဗုဒ္ဓဘာသာတည် တံ့ရန်အတွက် တုန်လှုပ်ဖွယ်သက်ရောက်မှုများရှိ လာပါမည်။ ဘုန်းတော်ကြီးကျောင်းများ ရေရှည်တည်တံ့ရန်အခက်အခဲရှိပါက ဗုဒ္ဓဘာသာဝင်မိသားစုများ အတွက်လည်း ကြီးမားသောဆုံးရှုံးမှုဖြစ်ပါသည်။ အခြားသော ဘုန်းတော်ကြီးကျောင်းများသည်လည်း ထိုနည်းတူစွာပင် ကြုံတွေ့ရနိုင်ပါသည်။

ဤအရေးပေါ်အခြေအနေအရပ်ရပ်ကြောင့် Wat Pha Gothenburg နှင့် Phra Somsak (the abbot of Wat Pha Demark) အပါအဝင် ကူညီဆောင်ရွက်သူများသည် အခွန်ဆိုင်ရာကျွမ်းကျင်ရှေ့နေ Johan Myrén အား ဇန်နဝါရီ လ ၂၉ ရက်နေ့တွင် Wha Pha Gothenburg ၌တွေ့ဆုံခဲ့ကြပါသည်။ မတွေ့ဆုံခင်တွင် Mr Myrén မှ ဘုန်းတော်ကြီးများ မည်သို့ဆွမ်းသုံးဆောင်ရသည်ကို မျက်မြင်တွေ့ရှိခဲ့ပြီး ဘုန်းတော်ကြီးများနှ င့် ဗုဒ္ဓဘာသာ မိသားစုများအပေါ် လေးနက်စွာ လေးစားမြတ်နိုးလာခဲ့ ပါသည်။ ထိုအမှုကိစ္စတွင် မိမိတို့ဘက်မှ အနိုင်ရရှိရန် ထိုက်တန်သည်ဟုယူဆ၍ Mr Myrén မှ ဤအမှုကိစ္စအား ရှေ့နေလိုက်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ထို့အပြင် Mr Myrén ၏ အကူအညီသည် အမှုအောင်နိုင်ရေးအတွက် အထူးအရေးပါလှပါသည်။ Mr Myrén အနေဖြင့်ရှေ့နေ အကျိုးဆောင်ခကို **၃၅၀,၀၀၀ Kr** (အခွန်အပါအဝင်) ဖြင့်လိုက်ပါဆောင်ရွက်ပေးရန် သဘောတူခဲ့ပါသည်။ ယခု လောလောဆယ်တွင် အခြားသော ဘုန်းတော်ကြီးကျောင်းအချို့မှ အလှူငွေ **၁၃၀,၀၀၀ Kr** ကောက်ခံရရှိပြီး ကျန်ရှိသော လိုငွေအတွက် အလှူငွေများ အရေးပေါ် လိုအပ်လျက်ရှိပါသည်။

## ဘယ်လိုကူညီနိုင်မလဲ?

ဆွီဒင် နိုင်ငံရှိ အားလုံးသော ဗုဒ္ဓ ဘာသာဝင်များ နှင့် စိတ်ပါဝင်စားသူမည်သူမဆို တတ်အားသရွေ့လှူဒါန်းနိုင် ပါသည်!

သက်ဆိုင်ရာမိမိတို့ဘုန်းတော်ကြီးကျောင်းသို့ လည်း လှူဒါန်းနိုင်ပါသည်။

Swish 1236955082

Swedbank-8103 4904 674 2608

မိမိတို့သက်ဆိုင်ရာဘုန်းတော်ကြီးကျောင်းများမှ ကောက်ခံရရှိသော အလှူငွေများကို SBG (ဆွီဒင်ဗုဒ္ဓဘာသာ အသင်း) သို့ လွဲပြောင်းလှူဒါန်းသွားပါမည်။

SBG သို့တိုက်ရိုက်လှူဒါန်းလိုပါက Swish ဖြင့် Swish number 1233 730 884 သို့မဟုတ် plusgiro number 963252-2 ကိုအသုံးပြု၍ လှူဒါန်းနိုင်ပါသည်။

IBAN SE04 9500 0099 6018 0963 2522

BIC NDEASESS

**Till:** Sveriges buddhistiska gemenskap
Address: Höglandstorget 10
167 71 Bromma
SVERIGE

Reference နေရာတွင် “tax case” ဟု ဖြည့်သွင်းရန်။

အကယ်၍ အမှုကိစ္စအားလုံးပြီးဆုံးသွားပါက ကျန်ရှိသောအလှူငွေများကို ပါဝင်ဆောင်ရွက်ခဲ့သည့် Charitable Associations များအား ခွဲဝေလှူဒါန်းသွားပါမည်။

**သင့်အကူအညီအတွက် အထူးပင် သာဓုခေါ်ကျေးဇူးတင်ရှိပါသည်!**